## ပင့်ကူထိပ်ပိတ် (ခ) တောနှမ်းကလေး

Scientific name - *Leucas lavandulifolia* Sm.

Common name - Leucas

Family - Lamiaceae

  

အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ဖြစ်ပြီး ပင်စည်သည် လေးထောင့်ပုံရှိသည်။ အပင်အမြင့် ၁ မီတာထိ ရှိသည်။ ကိုင်းဖြာ၍ အပင်တစ်ခုလုံးတွင် မီးခိုးရောင်အမွေးများရှိသည်။ အရွက်သည် ရွက်ဆိုင်ထွက်ပြီး လုံ့သွားပုံသဏ္ဍာန်ရှိသည်။ အရွက်အပေါ်မျက်နှာပြင်တွင် ရွက်ကြောများ ချိုင့်ဝင်လျက်ရှိသည်။ ရွက်နားတွင် တုံးသောအနားများပါသည်။ ပန်းခိုင်သည် အဖြူရောင်ပန်းပွင့်လေးများဖြင့် ဖွဲ့စည်းထား ပြီး ပွင့်ချပ်နှစ်ခုပါသည်။ အပေါ်ပိုင်းရှိ အရွက်နှင့်ပင်စည်ထိပ်တွင် လုံးဝန်းပြီး အဆုပ်လိုက်ပွင့်သည်။ အသီးသည် ဥပုံတစ်စေ့သီးဖြစ်ပြီး ထောင့် ၃ ခုပါ၍ ညိုနက်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။